ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

သတ္တမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်**

**( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၁.၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ၃၀-၁၀-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ငင်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ရန်ကုန်တက္ကသိုလ် သင်ရိုးညွှန်းတမ်း ဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျော့်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ UPDUC သင်တန်းတက်ရောက်ရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ငင်းအတိုင်း။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ငင်းအတိုင်း။ ဦးဝေ့တင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ငင်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ငင်းအတိုင်း။ မန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ငင်းအတိုင်း။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဖခင်ဖြစ်သူကျန်းမာရေး။ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ငင်းအတိုင်း။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ငင်းအတိုင်း။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ငင်းအတိုင်း။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ငင်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ငင်းအတိုင်း။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သားကိုယ်စားလှယ်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးတက်ရောက်၊ ဗိုလ်မှူးကြီးတင်အောင်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမင်းအောင်ဖြိုး၊ တပ်မတော်သားကိုယ်စားလှယ်၊

တာဝန်ထမ်းဆောင်ရန်။ ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၃၆)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ (၄၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။　　။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အများပိုင် စားကျက်မြေများ၊ အားကစားကွင်းများ၊ သာသနိက အဆောက်အအုံဝင်များအတွင်း စိုက်ထူခဲ့သော MPT တာဝါတိုင်များအနေဖြင့် အခြား Ooredoo, Telenor ဆက်သွယ်ရေးကုမ္ပဏီများကဲ့သို့ မြေငှားရမ်းခများကို ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲရန် ငွေကြေး လစဉ် ထောက်ပံ့ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာ ဇော်လင်းထွဋ်က အများပိုင် စားကျက်မြေများ၊ အားကစားကွင်းများ၊ သာသနိက အဆောက်အအုံဝင်များအတွင်း စိုက်ထူခဲ့သော MPT တာဝါတိုင်များအနေဖြင့် အခြား Ooredoo, Telenor ဆက်သွယ်ရေးကုမ္ပဏီများကဲ့သို့ မြေငှားရမ်းခများကို ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲရန် ငွေကြေး လစဉ် ထောက်ပံ့ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသော မေးခွန်းမှာ အများပိုင်စားကျက်မြေများ၊ အားကစားကွင်းများ၊ သာသနိက အဆောက်အအုံဝင်များအတွင်း စိုက်ထူခဲ့သော MPT တာဝါတိုင်များအနေဖြင့် အခြား Ooredoo, Telenor ဆက်သွယ်ရေး

ကုမ္ပဏီများကဲ့သို့ မြေငှားရမ်းခများကို ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲရန် ငွေကြေး လစဉ် ထောက်ပံ့ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် Ooredoo, Telenor, MPT ဟူ၍ အဓိက ဆက်သွယ်ရေး ကွန်ရက်ကြီး(၃)ခုရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ် စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးတာဝါတိုင် အရေအတွက်မှာ(၈၂၃၃)ခုရှိကြောင်း တွေ့ရှိရပါတယ်။ ၎င်းတို့မှာ Telenor ကုမ္ပဏီလီမိတက် တာဝါတိုင်(၃၄၃၆)ခု၊ Ooredoo ကုမ္ပဏီလီမိတက်တာဝါတိုင် (၂၄၈၅)ခု၊ MPT တာဝါတိုင်(၂၃၁၂)ခုရှိကြောင်း သိရှိရပါတယ်။ ၎င်းတို့အနက် Telenor နှင့် Ooredoo တာဝါတိုင် တို့သည် ပုဂ္ဂလိကပိုင် ခြံဝင်းများတွင်သာ စိုက်ထူငှားရမ်းခဲ့ကြပြီး မြေငှားခအနေဖြင့် တစ်လလျှင် မြေနေရာပေါ်မူတည်၍ ကျပ်(၂)သိန်းမှ (၃)သိန်းအထိ လစဉ်ပေးချေရကြောင်း သိရှိရပါတယ်။ သို့သော် MPT တာဝါတိုင်များမှာမူ ၂၀၁၂ ခုနှစ်မှစတင်၍ အများပိုင်စားကျက်မြေများ၊ အားကစားကွင်းများ၊ သာသနိက အဆောက်အအုံများအတွင်း စိုက်ထူခဲ့ပြီး နောက်ပိုင်းမှ စိုက်ထူသော MPT တာဝါတိုင် အချို့သာ ပုဂ္ဂလိကပိုင်ခြံဝင်းများတွင် စိုက်ထူ၍ မြေငှားခ ပေးဆောင်ခဲ့ကြောင်း သိရှိရပါတယ်။

ကျွန်တော်၏ မဲဆန္ဒနယ် သထုံမြို့တွင် MPT တာဝါတိုင်(၂၄)တိုင်ရှိပြီး၊ (၁၈)တိုင်မှာ အများ ပိုင်မြေများတွင် စိုက်ထူခဲ့ပြီး ၂၀၁၆ ခုနှစ်၊ နောက်ဆုံးစိုက်ထူခဲ့သော MPT တာဝါတိုင်(၆)တိုင်မှာ ပုဂ္ဂလိကပိုင် ခြံဝင်းများတွင် မြေငှားခပေး၍ စိုက်ထူခဲ့ကြောင်း သိရှိရပါတယ်။ ထိုသို့တာဝါတိုင်များ စိုက်ထူရာတွင် မြေပိုင်ရှင်များအနေဖြင့် ပတ်ဝန်းကျင်၏ ထောက်ခံချက်ကိုရယူ၍ သက်ဆိုင်ရာကုမ္ပဏီ များနှင့် သဘောတူစာချုပ်ကို ချုပ်ဆိုကြရပါတယ်။ သက်ဆိုင်ရာဌာန အသီးသီးမှလည်း ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပါက ကန့်ကွက်ရန်မရှိကြောင်းကို ထောက်ခံချက် ရယူပြီး မှသာ စိုက်ထူနိုင်ခွင့်ရှိပါတယ်။

ထိုသို့ အခကြေးငွေရယူ၍ စိုက်ထူရသော တာဝါတိုင်များပင်လျှင် မီးစက်မှ ဆူညံသံ အချို့ ကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေး၊ ရေဒီယိုလှိုင်းများ၏ အန္တရာယ်၊ ပတ်ဝန်းကျင်၏ ဂေဟစနစ်ကို ထိခိုက်စေသော ဘေးထွက် ဆိုးကျိုးများ စသည်ဖြင့် စိုးရိမ်ပူပန်မှုများကြောင့် ကန့်ကွက်မှု၊ တိုင်ကြားမှုများ ရှိလာခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကောင်းမွန်စေရန် တာဝါတိုင်များကို ဆောက်လုပ်ရာ ပြည်သူများ နားလည်သဘောပေါက်ကြသော်လည်း ထိုဒေသရှိ ကျန်းမာရေး၊ ပညာရေးနှင့် အခြားလူမှုရေး လိုအပ်ချက်များကို တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးနိုင်ရန် ပြည်သူ များက လိုအပ်လျက်ရှိပါတယ်။ ယခင်အချိန်များက ပြည်သူတို့၏ သဘောထားဆန္ဒမပါဘဲ အများပိုင် နေရာများတွင် စိုက်ထူခဲ့သော MPT ဆက်သွယ်ရေးကုမ္ပဏီအနေဖြင့် ယခု ပြည်သူတင်မြှောက်သော ပြည်သူ့အစိုးရလက်ထက်တွင် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်မှာ အထူးပင် လိုအပ်လှပါသည်။

သို့ဖြစ်ပါ၍ အများပိုင်စားကျက်မြေများ၊ အားကစားကွင်းများ၊ သာသနိကအဆောက်အအုံဝင်းများတွင် စိုက်ထူခဲ့သော MPT တာဝါတိုင်များအနေဖြင့် အခြားသော Ooredoo, Telenor ဆက်သွယ်ရေးကုမ္ပဏီများကဲ့သို့ မြေငှားရမ်းခများကို ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲရန် ငွေကြေး လစဉ် ထောက်ပံ့ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုက်ရပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် လေယာဉ်ကွင်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင် က ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် လေယာဉ်ကွင်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ဖြစ်ပါတယ်။ တီးတိန်မြို့နယ်မှာ လေယာဉ်ကွင်းသစ်တစ်ခု ဖောက်လုပ်ပေးရေးအတွက် စီမံချက် ရှိ/မရှိကို သိလိုတဲ့မေးခွန်း မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တီးတိန်မြို့နယ်မှာ ဒုတိယကမ္ဘာစစ်တုန်းက လေယာဉ်များ အရေးပေါ်ဆင်းသက်နိုင်တဲ့ လေယာဉ်ကွင်းဟောင်းတစ်ခုရှိပါတယ်။ လေကြောင်းတိုင်းတာရေးဆိုင်ရာ အင်ဂျင်နီယာများကလည်း မကြာခဏ လာရောက်လေ့လာလေ့ရှိပါတယ်။ လေယာဉ်ကွင်းဖောက်လုပ်ရေးဟာ ကျွန်တော်တို့ မြို့နယ်ရဲ့ အဓိက ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခု မဟုတ်သော်လည်းဘဲ ရေရှည်မှာ မဖြစ်မနေလိုအပ်မယ့် လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် လေယာဉ်ကွင်းသစ်တစ်ခု ဖောက်လုပ်ပေးရေး စီမံချက် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ရှေးဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် မေးမြန်းထားတဲ့ အများပိုင်စားကျက်မြေများ၊ အားကစားကွင်းများ၊ သာသနိကအဆောက်အအုံဝင်းများအတွင်း စိုက်ထူခဲ့သော MPT တာဝါတိုင်များအနေဖြင့် အခြား Ooredoo, Telenor ဆက်သွယ်ရေး ကုမ္ပဏီများကဲ့သို့ မြေငှားရမ်းခများကို ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် သုံးစွဲရန် ငွေကြေး လစဉ် ထောက်ပံ့ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ဖြေကြားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ မွန်ပြည်နယ်၊ သထုံမြို့နယ်အတွင်း CDMA-450 MHZ စခန်း (၁)ခုနှင့် GSM/3G စခန်း(၂၅)ခု ဖွင့်လှစ်၍ မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ အဆိုပါ စခန်း(၂၅)ခုမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုယ်တိုင် တာဝါတိုင် တည်ဆောက်ထားတဲ့ စခန်း(၁၆)ခုရှိပြီး အဲဒီစခန်းများအနက် စခန်း(၆)ခုကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် မြေနေရာများတွင်လည်းကောင်း၊ စခန်း(၆)ခုကို ပုဂ္ဂလိကပိုင်မြေနေရာများတွင်လည်းကောင်း၊ စခန်း(၄)ခုကို အစိုးရပိုင်မြေနေရာများတွင်လည်းကောင်း အသီးသီး တည်ဆောက်ဖွင့်လှစ်ထားပါတယ်။ ကျန်ရှိတဲ့ စခန်း(၉)ခုမှာတော့ တာဝါကုမ္ပဏီများမှ တည်ဆောက်ထားတဲ့ တာဝါတိုင်များကို တာဝါတိုင် မျှဝေအသုံးပြုခြင်း (Tower Sharing) စနစ်ဖြင့် ငှားရမ်းဖွင့်လှစ်ထားခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၁(၁)/၇/ သမ္မတရုံး ဖြင့် Telenor Myanmar Ltd နှင့် Ooredoo Myanmar Ltd တို့မှ တာဝါတိုင်စခန်းများ တည်ဆောက်မည့် အစိုးရမြေနေရာ ငှားရမ်းခနှုန်းထားများကို တစ်ပြေးညီ သတ်မှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီးဌာနအားလုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အားလုံးသို့ အကြောင်းကြားခဲ့ပြီးနောက်ပိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်လည်း အစိုးရပိုင်မြေနေရာများတွင် တာဝါတိုင်များ စိုက်ထူရာတွင် အဆိုပါ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ သာသနိကပိုင်မြေနေရာနှင့် ပုဂ္ဂလိကပိုင်မြေနေရာများကို ငှားရမ်း၍ တာဝါတိုင်များ စိုက်ထူရပါက မြေငှားရမ်းခနှုန်းထားများကို ညှိနှိုင်းဈေးနှုန်းဖြင့် ပေးချေဆောင်ရွက်လျက် ရှိပါတယ်။ Tower Sharing များအတွက်တော့ တာဝါငှားရမ်းခကို အခြားဆက်သွယ်ရေး အော်ပရေတာများနည်းတူ တာဝါတိုင်တည်ဆောက်တဲ့ ကုမ္ပဏီကို ပေးချေရပြီး မြေနေရာငှားရမ်းခကိုတော့ ၎င်းကုမ္ပဏီက သက်ဆိုင်ရာမြေပိုင်ဆိုင်သူသို့ ပေးချေလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမှ ဥပမာအဖြစ် တင်ပြသွားတဲ့ သထုံမြို့နယ်၊ ကွန်ပျူတာတက္ကသိုလ်အနီး၊ ဂေါ့တောရကျေးရွာ၊ ကွင်းအမှတ်(၆၆၉ က)၊ ဝန္ဒာမိတောင်တန်းကွင်း၊ ဦးပိုင်အမှတ် (၂၀၁ က)မှာ မိုဘိုင်းဆက်သွယ်ရေးစခန်း တည်ဆောက်ထားတဲ့ မြေနေရာနှင့်ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၁ ခုနှစ်တွင် GSM Mobile တိုးချဲ့တပ်ဆင်ရေး ပထမနှစ်

စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ အဆိုပါမြေနေရာ၌ GSM Mobile ဆက်သွယ်ရေးစခန်း တည်ဆောက်ရန်အတွက် သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ဖွဲ့စည်းထားတဲ့ အဖွဲ့ကနေပြီးတော့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဲဒီမြေဟာ ဥယျာဉ်(၃)မြေမျိုး ဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုမှာ ကျေးရွာပိုင်မြေဖြစ်ပြီး မြေပြင်တွင် အသုံးချမှုမရှိကြောင်း၊ ကျေးရွာမှလည်း ကန့်ကွက်ရန်မရှိကြောင်း တင်ပြခဲ့ရာ မွန်ပြည်နယ်အစိုးရအဖွဲ့က ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှာ လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးကောင်းမွန်စေရန် သထုံမြို့နယ်၊ ဂေါ့တောရကျေးရွာ၊ အစိုးရပိုင်မြေနေရာတွင် မွန်ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် တည်ဆောက်ခဲ့တဲ့ တာဝါတိုင်ဖြစ်တဲ့အတွက် မြေနေရာ ငှားရမ်းခကို လစဉ် ငွေကြေး ထောက်ပံ့မှုအနေဖြင့်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမှာ သုံးစွဲရန် ငွေကြေးလစဉ် ထောက်ပံ့ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်နှင့် စပ်လျဉ်း၍ တင်ပြရလျှင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်းတွင် ကျေးလက်ဒေသပါမကျန် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် CSR ခေါ်တဲ့ တာဝန်သိ လူမှုအကျိုးပြုလုပ်ငန်းများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် သဘာဝဘေးတို့အတွက် လှူဒါန်းခြင်းများနှင့် စေတနာ့ဝန်ထမ်းပါဝင်မှုများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းကျပ်(၆၀၃.၅)သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းကျပ်(၁၂၂၉.၆၁) သန်း လှူဒါန်းခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အောက်တိုဘာလအထိ စုစုပေါင်းကျပ်(၂၁၂.၉)သန်း လှူဒါန်းခဲ့ရာ ယခုအချိန်အထိ စုစုပေါင်းကျပ်(၂.၀၄၆)ဘီလီယံ လှူဒါန်းခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးအတွက် စုစုပေါင်းကျပ်သန်း (၁.၃) ဘီလီယံကျော်အထိ လှူဒါန်းသွားရန် လျာထားပါကြောင်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် နေရာဒေသနှင့် အချိန်အခါအလိုက် ဆက်လက်၍ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ၏ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် လေယာဉ်ကွင်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအပေါ် ကျွန်တော် ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်အတွင်း လေယာဉ်ကွင်းအသစ်တစ်ခု တည်ဆောက်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ ပါဝင်ပြီးတော့ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်ရဲ့ လေကြောင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီတဲ့ လေယာဉ်ဆင်း/တက် အသုံးပြုနိုင်မည့် မြေနေရာရှာဖွေခြင်း၊ ကွင်းဆင်းတိုင်းတာခြင်း၊ လေယာဉ်ငယ်ဖြင့် လေယာဉ်ပျံသန်း ဆင်းသက်မှုလမ်း

ကြောင်း စစ်ဆေးခြင်းနှင့် မျက်မြင်ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို ချင်းပြည်နယ်၊ ဟားခါး၊ တီးတိန်နှင့် ဖလမ်းမြို့နယ်များမှာ ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ ပဏာမမြေနေရာ ကွင်းဆင်းရှာဖွေခြင်း (Site Selection) ကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိလည်းကောင်း၊ ပထဝီမျက်နှာသွင်ပြင် အနေအထားနှင့် လေယာဉ်ဆင်း/တက်လမ်းကြောင်း အတားအဆီးများ တိုင်းတာခြင်း Survey ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကနေပြီးတော့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့အထိ လည်းကောင်း၊ လေယာဉ်ပြေးလမ်း ဦးတည်ရာအရပ် တိုင်းတာစစ်ဆေးခြင်း (Alignment Survey)ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နှင့် ၅ ရက်နေ့များတွင်လည်းကောင်း၊ Cessna Caravan လေယာဉ်ငယ်ဖြင့် စမ်းသပ်ပျံသန်း စစ်ဆေးခြင်းကို တီးတိန်မြို့နယ်၊ ဆိုင်းဇန်ရွာအနီးရှိ မြေနေရာ၊ ဖလမ်း-ဟားခါး ကားလမ်းအနောက်ဘက်တွင်ရှိ လိုင်ဗားရေလှောင်တမံအနီးတဝိုက်ရှိ မြေနေရာ၊ ဖလမ်း-ဟားခါး ကားလမ်းအနောက်ဘက် ဟားခါးမြို့နှင့်အနီးတဝိုက်ရှိ မြေနေရာနဲ့ ဖလမ်းမြို့၊ ဆူရ်ဘုံတောင်ကြောမြေနေရာတို့၌ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၁ ရက်နေ့ အထိလည်းကောင်း အသီးသီးဆောင်ရွက်ခဲ့ပါတယ်။

ယခုလွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ လေယာဉ်ကွင်းဖောက်လုပ်ရန် တင်ပြလာတဲ့ ချင်းပြည်နယ်၊ ဒေသအခေါ်အရ Zaangpi Tam (ဇမ်ပီးတမ်)လို့ အမည်ရတဲ့ တောင်တန်းလွင်ပြင် ဟာဆိုရင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကွင်းဆ င်းတိုင်းတာခဲ့သည့် နေရာတစ်ခု ဖြစ်ပြီး၊ ဆိုင်းဇန်ရွာ၏ တောင်ဘက် (၄)မိုင်ခန့်အကွာမှာရှိပြီးတော့ ယခင်ဒုတိယကမ္ဘာစစ်က စစ်သုံး လေယာဉ်ငယ်များ ဆင်းသက်ခဲ့သည့် လေယာဉ်ကွင်းဟောင်းနေရာ ဖြစ်ပါတယ်။ တီးတိန်မြို့ဟာဆိုရင် ပင်လယ်ပြင်ရေမျက်နှာပြင်အထက် ပေ(၈၀၀၀)ကျော်အထက်တွင် တည်ရှိပြီးတော့ တောင်များမြင့်မား ၍ ထူထပ်ခြင်း၊ လေတိုက်နှုန်းပြင်းထန်ခြင်း၊ မိုးရေချိန်များပြားခြင်း၊ မြင်ကွင်းရှင်းလင်းမှုအားနည်းခြင်း နှင့် လေယာဉ်ကွင်းတည်ဆောက်ရန် မြေပြန့်နည်းပါးခြင်း၊ လေယာဉ်ဝင်/ထွက်မှုလမ်းကြောင်းနှင့် ပတ်ဝန်းကျင်အတားအဆီးများ များပြားခြင်းတို့ကြောင့် ပြေးလမ်းအလျား ပေ(၃၀၀၀)ခန့်သာ တည်ဆောက်နိုင်မည်ဖြစ်ပြီး လေယာဉ်ငယ်များသာ ဆင်းသက်နိုင်မှာဖြစ်ပါသည်။

ချင်းပြည်နယ်မှာ လေယာဉ်ကွင်းသစ်ဖောက်လုပ်ရန် အကြိမ်ကြိမ် ကွင်းဆင်းတိုင်းတာ စစ်ဆေးချက်များအရ လေယာဉ်ပြေးလမ်း ပေ (၆၀၀၀ x ၁၀၀) အကျယ်ရရှိရန် တည်ဆောက်နိုင်မည် ဖြစ်သဖြင့် အသင့်တော်ဆုံးဖြစ်သည့် ဖလမ်းမြို့၊ ဆူရ်ဘုံတောင်ကြော မြေနေရာကို အတည်ပြုရွေးချယ် ခဲ့ပြီး ဖလမ်းလေယာဉ်ကွင်းသစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင် ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ပြီးစီးအောင် လျာထားဆောင်ရွက်လျက်ရှိ ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ဒေသခေါ် Zaangpi Tam (ဇမ်ပီးတမ်) ဟု အမည်ရသည့် တောင်တန်းလွင်ပြင်သည် ပင်လယ်ရေမျက်နှာပြင်အထက် မြင့်မားစွာတည်ရှိနေခြင်း၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းသက်အသုံးပြုနိုင်ရန်

လုံလောက်သော ပြေးလမ်းအလျား တည်ဆောက်၍ မရနိုင်ခြင်းနှင့် လက်ရှိတည်ဆောက်လျက်ရှိတဲ့ ဖလမ်းလေယာဉ်ကွင်းသစ်နဲ့ လေကြောင်းခရီးလမ်းအကွာအဝေး ခန့်မှန်းနော်တီကယ်မိုင် (၁၈) မိုင်ခန့် သာကွာဝေးပြီး နီးစပ်စွာတည်ရှိနေခြင်းကြောင့် အဆိုပါနေရာမှာ လေယာဉ်ကွင်း ဖောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်းရှိ အလယ်ဖရုံကာကျွန်းတွင် တည်ရှိသော မြင့်ဂါ- ဖါးဒူကားလမ်းကို ကျောက်ချောလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ပျက်စီးနေသော လမ်းပိုင်းများကို ပြန်လည်ထိန်းသိမ်းမွမ်းမံရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်းရှိ အလယ်ဖရုံကာကျွန်းတွင် တည်ရှိသော မြင့်ဂါ- ဖါးဒူကားလမ်းကို ကျောက်ချောလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ပျက်စီးနေသော လမ်းပိုင်းများကို ပြန်လည်ထိန်းသိမ်း မွမ်းမံရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်၏ မဲဆန္ဒနယ် ဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံး ပြည်နယ်တစ်ခုဖြစ်တဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ် အတွင်းမှာရှိတဲ့ ဖရုံကာကျွန်းမှာ တည်ရှိတဲ့ မြင့်ဂါ- ဖါးဒူကားလမ်းအား ကျောက်ချောလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ပျက်စီးနေသော လမ်းပိုင်းများကို ပြန်လည်ထိန်းသိမ်းမွမ်းမံရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြင့်ဂါ- ဖါးဒူကားလမ်းဟာ ပေါက်တော မြို့နယ်တောင်ပိုင်း အလယ်ဖရုံကာကျွန်းတွင် တည်ရှိပါတယ်။ တောင်-မြောက် (၁၆)မိုင်ခန့်ရှိပြီး၊ အရှေ့-အနောက် (၈)မိုင်ခန့် ရှည်လျားပါတယ်။ ကျေးရွာပေါင်း (၅၄)ရွာရှိပြီး၊ လူဦးရေပေါင်း (၄၅၀၀၀)ခန့် နေထိုင်လျက်ရှိတဲ့ ကျွန်းတစ်ကျွန်းဖြစ်ပါတယ်။ အလယ်ဖရုံကာကျွန်းဟာ မြောက်ဘက်တွင် မြေနိမ့် လွင်ပြင်များရှိပြီး၊ တောင်ဘက်သို့ တဖြည်းဖြည်းကျဉ်းမြောင်းသွားပါတယ်။ မြင့်ဂါ- ဖါးဒူကားလမ်းကို ၁၉၉၄ ခုနှစ်တွင် တပ်မတော်အစိုးရမှ လမ်းကြမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့တာကို တွေ့ရပါတယ်။ သို့သော်လည်း ၎င်းလမ်းအား ဆက်လက်ထိန်းသိမ်းမှုမရှိဘဲ ပျက်စီးခဲ့ရပါတယ်။ ပျက်စီးနေသော မြင့်ဂါ- ဖါးဒူကားလမ်းကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ကျွန်တော် ကိုယ်တိုင်တင်ပြခဲ့ပြီး ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၊ ဆဋ္ဌမနေ့ ၁၁-၁၁-၂၀၁၁ နေ့တွင် မေးခွန်းအဖြစ် ထပ်ပြီးတင်ပြခဲ့ပါတယ်။ မြင့်ဂါ- ဖါးဒူကားလမ်း (၁၆)မိုင် (၄) ဖာလုံ၏ ပထမပိုင်းကို (၈)မိုင် (၄)ဖာလုံအတွက် ခွင့်ပြုငွေစုစုပေါင်း (၁၂၈)သန်းဖြင့် ပြုလုပ်ခဲ့ပါတယ်။ ယခုအခါ ၎င်းလမ်းဟာ ကျောက်ချောလမ်းအဖြစ် ဘင်္ဂလားပင်လယ်အော်ကမ်းစပ်အထိ သွားလာ လို့ရနေတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ သို့သော်လည်း မြင့်ဂါ- ဖါးဒူကားလမ်းဟာ မြင့်ဂါကျေးရွာမှ ကျောက်တောင်ကျေးရွာအထိ ကားများ၊ ဆိုင်ကယ်များ လုံးဝသွား၍ ယခုအခါ မရနိုင်တော့ပါဘူး။ မြင့်ဂါ- ဖါးဒူကားလမ်း၏ မြင့်ဂါမှကျောက်တောင်လမ်းပိုင်းအား တာဝန်ယူဆောင်ရွက်ခဲ့သော ကုမ္ပဏီမှ စံသတ်မှတ်ထားသော ကျောက်များကို မသုံးဘဲ အရည်အသွေးမကောင်းသော ကျောက်များကို အသုံးပြု ခဲ့သောကြောင့် ဒီလမ်းပိုင်းမှာ အလျင်အမြန် ပျက်စီးရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံးပြည်နယ်တစ်ခုဖြစ်တဲ့ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်း မြင့်ဂါ- ဖါးဒူကားလမ်းအား ကျောက်ချောလမ်းမှ ကွန်ကရစ် လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ပျက်စီးနေသော လမ်းပိုင်းများကို ပြန်လည် ထိန်းသိမ်းရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ်ရှိ/မရှိဆိုတာကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး က မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလင်းတင်ဌေး ပဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် အကြောင်းအရာကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာပဲဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံမြို့နယ်ဟာ မြို့နယ်ရဲ့ အရှေ့အရပ်မှာ မော်လမြိုင်မြို့နယ်၊ အနောက်ဘက်အရပ်နဲ့ တောင်ဘက်အရပ်မှာ မုတ္တမပင်လယ်ကွေ့နဲ့ မြောက်ဘက်အရပ်မှာ အပေါင်မြို့နယ်တို့ဖြင့် ဝန်းရံထားတာပဲဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ်ဟာ တစ်ချိန်က အခြားအခြားသော မြို့နယ်များနှင့် ကုန်းချင်းထိစပ်မှုမရှိဘဲ ရေပတ်လည်ဝန်းရံထားတဲ့ ဘီလူးကျွန်းဆိုတဲ့ ကျွန်းလေးပေါ်မှာ မြို့အဖြစ် သီးသန့်တည်ရှိနေတဲ့အတွက်ကြောင့်မို့လို့ ပစ်ပယ်ခံဘဝနဲ့ကျန်ခဲ့ရပြီး ဖွံ့ဖြိုးမှုနောက်ကျခဲ့ရတာလည်း ဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ်ဟာ ဒေသထွက်ကုန်တွေဖြစ်တဲ့ ဆေးတံ၊ ကျောက်သင်ပုန်း၊ ကျောက်တံ စသည့်ပစ္စည်းတွေကြောင့် တစ်ချိန်က လူသိထင်ရှားခဲ့တဲ့ မြို့နယ်တစ်မြို့နယ်လည်း ဖြစ်ပါတယ်။ ယခုအချိန်အခါမှာ ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) ဖွင့်လှစ်ပြီးတဲ့နောက်ပိုင်းမှာ အခြား အခြားသော မြို့နယ်များမှ ပြည်သူအပေါင်းနှင့် နိုင်ငံခြားသား ဧည့်သည်တော်များသည် အဆိုပါ လက်မှုလုပ်ငန်းများကို လေ့လာနိုင်ရေးအတွက် မြို့နယ်အတွင်းသို့ စဉ်ဆက်မပြတ်ရောက်ရှိလာနေတဲ့ အတွက်ကြောင့်မို့လို့ ကျေးရွာအတွင်းရှိ ကျေးရွာချင်းဆက်လမ်းများကိုလည်း အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အရမ်းကို လိုအပ်နေတဲ့ အချိန်အခါကျရောက်နေပြီဖြစ်ပါတယ်။ ထို့အတွက်ကြောင့်မို့လို့ ပင်မလမ်းများအပြင် ကျေးရွာချင်းဆက်လမ်းများကိုလည်း အဆင့်တိုးမြှင့်သတ်မှတ်ပေးစေချင်ပါတယ်။ မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းတွေဖြစ်တဲ့ မုဒူး-ဒေါင်းရပ်အရှေ့-ကော့မုပွန်လမ်းပိုင်းဟာ တစ်ချိန်က မော်လမြိုင်မြို့နယ်သို့သွားသည့် ဆိပ်ကမ်းရှိရာ ကော့မုပွန် ကျေးရွာသို့သွားသည့်လမ်းပိုင်း ဖြစ်ပါတယ်။

အဆိုပါလမ်းအရှည်ဟာ (၄)မိုင်ခန့်ရှိပြီး ယခုအချိန်အခါတွင် (၁)မိုင် (၅)ဖာလုံမှာ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပြီးပြီဖြစ်တဲ့အတွက် (၂)မိုင် (၃)ဖာလုံ ကျန်ရှိနေတဲ့အတွက်ကြောင့်မို့လို့ အဆိုပါလမ်းကိုလည်း ဆက်လက်ခင်းပေးစေချင်သလို၊ ဒေါင်းရပ်အနောက် ကော့ရွဲလမ်းမှာလည်း ဗိုလ်ချုပ်အောင်ဆန်းတံတား ချဉ်းကပ်လမ်းရှိရာလမ်းသို့ ဆက်သွယ်ထားသည့် လမ်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဆိုပါလမ်းသည် ယခုအချိန်အခါမှာ လူသွားများပြီး အဆင့်မြှင့် သတ်မှတ်ပေးရန်လည်း လိုအပ်နေတဲ့လမ်းပိုင်းဖြစ်သလို ချောင်းဆုံမြို့နယ်အတွင်းရှိ ကမနင်း-သင်္ကောကျေးရွာလမ်းပိုင်းဟာ (၂)မိုင် (၃)ဖာလုံခန့်ရှိပြီး ယခုအချိန်အခါမှာ လူထုဗဟိုပြုစီမံကိန်းဖြင့် (၃)ဖာလုံကို ဆောင်ရွက်ပြီးပြီ

ဖြစ်တဲ့အတွက်ကြောင့်မို့လို့ (၁)မိုင်ခန့်ရှည်သည့် အရှည်ကိုလည်း ဆက်လက်တိုးမြှင့်သတ်မှတ်ပေးရန် လိုအပ်နေပြီဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းသည် ဘီလူးကျွန်းဒေသရဲ့ အရှေ့ဘက်အခြမ်းနှင့် အနောက်ဘက်အခြမ်းကို ဆက်သွယ်ထားသည့်လမ်းပိုင်း ဖြစ်သည့်အတွက်ကြောင့်မို့လို့ ယခုအချိန် အခါတွင်လည်း ကျောင်းသားလူငယ်များ နေ့စဉ်နှင့်အမျှ သွားလာနေတဲ့လမ်းပိုင်းဖြစ်သည့်အတွက် ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအား ဆောင်ရွက်ပေးရန် လေးစားစွာတင်ပြ ရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်းချင်တာကတော့ ချောင်းဆုံ မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းတွေဖြစ်တဲ့ ဒေါင်းရပ်အနောက် ကော့မုပွန်လမ်းပိုင်း၊ ဒေါင်းရပ်အရှေ့ ကော့ရွဲလမ်းပိုင်းနှင့် ကမနင်း-သကြောကျေးရွာ လမ်းပိုင်းတို့ကို လာမည့်ဘဏ္ဍာရေး နှစ်တွင် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၆။**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်းရှိ အလယ်ဖရုံကာ ကျွန်းတွင် တည်ရှိသော မြင့်ဂါ- ဖါးဒူကားလမ်းကို ကျောက်ချောလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ပျက်စီးနေသော လမ်းပိုင်းများကို ပြန်လည်ထိန်းသိမ်းမွမ်းမံရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်းတွင် တည်ရှိသော မြင့်ဂါ- ဖါးဒူကားလမ်းသည် (၁၆)မိုင်(၄)ဖာလုံရှိပြီး လက်ရှိအခြေအနေမှာ ကျောက်ချော လမ်းဖြစ်၍ မြင့်ဂါ-ကျောက်တောင်လမ်းပိုင်းမှာ ပြုပြင်ရန် လိုအပ်လျက်ရှိသော အခြေအနေဖြစ်ပါတယ်။ အဆိုပါလမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူစီမံခန့်ခွဲခဲ့တဲ့ လမ်းဖြစ်သော်လည်း လုပ်ငန်းလိုအပ်ချက်အရ နယ်စပ်ရေးရာဝန်ကြီး

ဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ မြေသားလမ်း(၁၄)မိုင်၊ ကျောက်ချောလမ်း (၁၉)မိုင်(၆)ဖာလုံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကျောက်ချောလမ်း (၁)မိုင်(၃)ဖာလုံ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လွှဲပြောင်း၍ ဆက်လက်တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါက်တောမြို့နယ်အတွင်းရှိ မြင့်ဂါ-ဖါးဒူ ကားလမ်း (၁၆)မိုင်(၄)ဖာလုံနှင့် ဖါးဒူ-ဘုရားချောင်း(၄)မိုင်(၄)ဖာလုံသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class(C) တွင် ပါဝင်သောလမ်း ဖြစ်ပါတယ်။ သို့ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကျောက်ချောလမ်းအဖြစ် (၈)မိုင်(၄)ဖာလုံ ဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် ကျန်ရှိတဲ့အပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီ ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်သွားမှာ ဖြစ်ပြီးတော့ ဘဏ္ဍာငွေခွဲဝေရရှိမှုပေါ် မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဆက်လက်ပြီးတော့ မွန်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး မှ မေးမြန်းထားတဲ့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်း(၃)လမ်းအနက် ဒေါင်းရပ်အနောက်-ကော့မုပွန်လမ်းသည် မုဒူး-ဒေါင်းရပ်-ကော့မုပွန်လမ်းပိုင်းတွင် ပါဝင်၍ အရှည်(၄)မိုင်ရှိပြီး လမ်းဦးစီးဌာနမှ စီမံခန့်ခွဲသော ချောင်းဆုံ-သင်္ကော-မုဒူး-ဒေါင်းဥလမ်းနှင့် ချိတ်ဆက်ထားသော လမ်းဖြစ်ပါတယ်။ လမ်း၏ လက်ရှိအခြေအနေမှာ ကတ္တရာလမ်း (၁)မိုင်(၅)ဖာလုံနှင့် မြေသားလမ်း(၂)မိုင်(၃)ဖာလုံရှိပြီး ကျန်ရှိတဲ့ (၂)မိုင်(၃)ဖာလုံအား အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဒေါင်းရပ်အရှေ့-ကော့ရွဲလမ်း၏အခြေအနေမှာ မြေသားလမ်း (၁)မိုင်(၂)ဖာလုံရှိပြီး လမ်းဦးစီးဌာနမှစီမံခန့်ခွဲသော ကညော့်-ကော့မုပွန်လမ်းမှတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းတံတား ချဉ်းကပ်လမ်းနှင့် ချိတ်ဆက်ထားသော လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအားလည်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမနင်း-သင်္ကောလမ်းသည် လမ်းဦးစီးဌာနမှ စီမံခန့်ခွဲသော ချောင်းဆုံ-သင်္ကော-မုဒူး-ဒေါင်းဥလမ်းနှင့် ကလွီ-ရွာလွတ်-ချောင်းဆုံ-နတ်မှော်လမ်း(၂)လမ်းအား ချိတ်ဆက်ထားသော လမ်းဖြစ်၍ လမ်း၏လက်ရှိအခြေအနေမှာ ကွန်ကရစ်လမ်း(၃.၂)ဖာလုံ၊ မြေသားလမ်း(၁)မိုင်(၇.၈)ဖာလုံ၊ စုစုပေါင်းလမ်းအရှည် (၂)မိုင်(၃)ဖာလုံ ဖြစ်ပါတယ်။ ကျန်ရှိတဲ့

မြေသားလမ်း(၁)မိုင်(၇.၈)ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် ဆက်လက်ဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးမှ မေးမြန်းလာသော ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးလက်လမ်း(၃)လမ်းအနက် ဒေါင်းရပ်အရှေ့-ကော့ရွဲလမ်းနှင့် ကမနင်း-သင်္ကောလမ်း လမ်း(၂)လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) မှာ ပါဝင်တဲ့အတွက်ကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီမှာ ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒေါင်းရပ်အနောက်-ကော့မုပ္ပနလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(B) တွင် ပါဝင်တဲ့လမ်းဖြစ်တဲ့အတွက် ၂၀၂၀-၂၀၂၁ နောက်ပိုင်းမှာ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းအဖြစ် နှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတကာအစိုးရများသည် မိမိနိုင်ငံ၊ မိမိအစိုးရအဖွဲ့တို့ ပိုင်ဆိုင်သမျှသော နိုင်ငံသုံး ငွေကြေးပမာဏ စုစုပေါင်းနှင့် နိုင်ငံခြား ငွေကြေးပမာဏ စုစုပေါင်း စသည်တို့ကို ပြည်သူတို့အား အသိပေးရိုးထုံးစံရှိသည်နှင့်အညီ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတွင်း လည်ပတ်လျက်ရှိသော ကျပ်ငွေပမာဏ စုစုပေါင်းနှင့် လက်ရှိပိုင်ဆိုင်သော နိုင်ငံခြားငွေ ပမာဏကို ပြည်သူတို့ သိရှိစေရန် ကြေညာပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတကာအစိုးရများသည် မိမိနိုင်ငံ၊ မိမိအစိုးရအဖွဲ့တို့ ပိုင်ဆိုင်သမျှသော နိုင်ငံသုံး ငွေကြေးပမာဏ စုစုပေါင်းနှင့် နိုင်ငံခြား ငွေကြေးပမာဏ စုစုပေါင်း စသည်တို့ကို ပြည်သူတို့အား အသိပေးရိုး ထုံးစံရှိသည်နှင့်အညီ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတွင်း လည်ပတ်လျက်ရှိသော ကျပ်ငွေပမာဏ စုစုပေါင်းနှင့် လက်ရှိပိုင်ဆိုင်သော နိုင်ငံခြားငွေပမာဏကို ပြည်သူတို့ သိရှိစေရန် ကြေညာပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၆) မဲဆန္ဒနယ်မြေရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်း ဖြစ်ပါတယ်။

ဒီနေ့ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းက ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတဲ့ နိုင်ငံအစိုးရတော်တော်များများဟာ မိမိနိုင်ငံရဲ့၊ မိမိအစိုးရအဖွဲ့ရဲ့ ပိုင်ဆိုင်သမျှသော နိုင်ငံတွင်း ငွေကြေးပမာဏ စုစုပေါင်းနှင့် နိုင်ငံခြားငွေကြေးပမာဏ စုစုပေါင်းကို ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးရိုးထုံးစံရှိပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း ကျွန်တော်တို့ နိုင်ငံတွင်းမှာသုံးစွဲနေတဲ့

ကျပ်ငွေပမာဏ စုစုပေါင်းနှင့် လက်ရှိပိုင်ဆိုင်နေတဲ့ နိုင်ငံခြားငွေပမာဏ စုစုပေါင်းကို အများပြည်သူများ သိရှိနိုင်ရန် ကြေညာပေးနိုင်တဲ့ အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာနယ်ပယ်မှာ နိုင်ငံတော်အစိုးရရဲ့ ငွေကြေးကဏ္ဍနဲ့ ဘဏ္ဍာရေးဆိုင်ရာကိစ္စများကို တာဝန်ယူဆောင်ရွက်နေကြတဲ့နေရာမှာ သက်ဆိုင်ရာနိုင်ငံများရဲ့ ဗဟိုဘဏ်များ သာလျှင် ဖြစ်ကြပါတယ်။ ဖွံ့ဖြိုးပြီးတဲ့နိုင်ငံများမှာတော့ ငွေကြေးဆိုင်ရာအချက်အလက်များကို နေ့စဉ်နှင့် အမျှ ပြည်သူတွေသိရှိနိုင်အောင် အချိန်နဲ့တစ်ပြေးညီ တင်ပြနေခဲ့ခြင်းရှိပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှာလည်းပဲ ကျွန်တော်တို့ International Monetary Fund ကဲ့သို့သော နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများရဲ့ အကူအညီနဲ့ ဖော်ပြနိုင်ဖို့ကြိုးစားဆောင်ရွက်နေတာကို ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀)ကျော် ၁၉၆၂ ခုနှစ်ထိ နိုင်ငံတွင်း လည်ပတ်သုံးစွဲနေတဲ့ မြန်မာကျပ်ငွေစုစုပေါင်းပမာဏနဲ့ ပိုင်ဆိုင်တဲ့ နိုင်ငံခြားငွေပမာဏကို တစ်ပတ်မှာတစ်ကြိမ် သတင်းစာတွေမှာ ထည့်သွင်းကြေညာပြီးတော့ မြန်မာ့အသံရေဒီယိုကလည်းပဲ တစ်ပတ်မှာတစ်ကြိမ် စနေနေ့တိုင်းမှာ ထုတ်လွှင့်ခဲ့တဲ့ အစဉ်အလာတွေ ရှိခဲ့ဖူးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းနဲ့ပတ်သက်တဲ့ Power Point ကို သုံးစွဲခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်။ ဒါကတော့ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ဒီ Page Number ကတော့ ခေါင်းစဉ် ဖြစ်ပါတယ်။ ဟုတ်ကဲ့။ ဒီ Page 3 မှာဖော်ပြထားတဲ့ Slide မှာ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ကထုတ်တဲ့ မိုးကြိုးနေ့စဉ်သတင်းစာရဲ့ ဖော်ပြခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ငွေကြေးပိုင်ဆိုင်မှု ကြေညာချက် ဖြစ်ပါတယ်။ ဒီမှာ ဘာတွေ့နိုင်သလဲဆိုတော့ အဲဒီကာလမှာ နိုင်ငံတော်အစိုးရဟာ မြန်မာကျပ်ငွေ သန်းပေါင်း (၁၂၄၇)သန်းကျော် နိုင်ငံတွင်းမှာ လည်ပတ်သုံးစွဲနေပြီးတော့ နိုင်ငံခြားငွေ ပိုင်ဆိုင်မှုကတော့ ကျပ်ငွေသန်း (၄၉၇)သန်းကျော် ပိုင်ဆိုင်ထားတာရှိပါတယ်။ ကျပ်ငွေ မြန်မာနိုင်ငံက ပိုင်ဆိုင်ထားတဲ့ နိုင်ငံခြားငွေ (၄၉၇)သန်းဟာ US ဒေါ်လာကို မြန်မာငွေနဲ့ တွက်ချက်ပြီးတော့ ဖော်ပြထားတာပဲ ဖြစ်ပါတယ်။

ဒီမှာကျတော့ ကျွန်တော်တို့ ၁၉၆၂ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာထုတ်တဲ့ မိုးကြိုးသတင်းစာရဲ့တင်ပြချက်ပါ။ ဒီမှာလည်းပဲ မြန်မာကျပ်ငွေ ကျွန်တော်တို့နိုင်ငံတွင်းမှာ လည်ပတ်နေတာ (၁၂၆၇)သန်းကျော်ဖြစ်ပြီးတော့ နိုင်ငံခြားငွေပိုင်ဆိုင်မှုဟာ (၄၆၅)သန်းကျော်ရှိတယ်ဆိုတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုသတင်းစာကြေညာချက်တွေကို တစ်ပတ်မှာတစ်ကြိမ် သတင်းစာတွေမှာ တင်ပြပြီးတော့ မြန်မာ့အသံရေဒီယိုကလည်းပဲ စနေနေ့မှာ ဖော်ပြခဲ့တာကို ကျွန်တော်ကိုယ်တိုင် ငယ်စဉ်ဘဝက ကျွန်တော်ကြားသိခဲ့ရဖူးပါတယ်။ သို့သော် ဒီအနေအထားဟာ ၁၉၆၂ ခုနှစ်၊ ၆ လပိုင်းလောက်က စပြီးတော့ ဒီကြေညာချက်တွေ ထုတ်ပြန်နိုင်ခြင်းမပြုခဲ့တာဟာ ဒီနေ့အထိပါပဲ။


ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအနေအထားမှာ အာဆီယံနိုင်ငံတွေမှာလည်းပဲ ဒီလို အစဉ်အလာမျိုးကို ကျင့်သုံးဆောင်ရွက်နေတာ တွေ့နိုင်ပါတယ်။ ဒါခေါင်းစဉ်ပါ။ ဟုတ်ကဲ့။ ဒါ အင်ဒိုနီးရှားနိုင်ငံရဲ့ ငွေကြေးရှင်းတမ်း ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ နောက်ဆုံးစာရင်းအရ သိရှိရတဲ့ ငွေကြေး ဖြစ်ပါတယ်။ ဒီမှာလည်းပဲ အင်ဒိုသုံးငွေ ရူပီးကို ပြထားပြီးတော့ သူ့ရဲ့နိုင်ငံရဲ့ငွေကြေးပမာဏ

ပိုင်ဆိုင်မှုကိုလည်း ဖော်ပြထားတာ တွေ့ရှိရမှာဖြစ်ပါတယ်။ Thailand ရဲ့ အခြေပြဇယားပါ။ ၂၀၁၇ ခုနှစ်၊ ဇွန်လအထိ မှတ်တမ်းတွေ ဖြစ်ပါတယ်။ Bangkok, Thailand ရဲ့ Website က ကျွန်တော် ကူးယူထားတာ ဖြစ်ပါတယ်။ ဒီနိုင်ငံမှာလည်းပဲ နိုင်ငံအတွင်းလည်ပတ်နေတဲ့ ဘတ်ငွေရဲ့ ပမာဏနဲ့ ပိုင်ဆိုင်တဲ့ FE ပမာဏကို ဖော်ပြထားတဲ့အပြင် ရွှေပိုင်ဆိုင်မှုကိုပါ ထိုင်းမှာတော့ ဖော်ပြထားတာ တွေ့ရပါတယ်။


စင်ကာပူပါခင်ဗျား။ စင်ကာပူရဲ့ ကျွန်တော်တို့ Monetary Authority Of Singapore ရဲ့ Website က ကျွန်တော် ကူးယူထားတာ ဖြစ်ပါတယ်။ စင်ကာပူမှာလည်းပဲ ကျွန်တော် အထက်က တင်ပြခဲ့သလို စင်ကာပူရဲ့ နိုင်ငံပိုင်ငွေကြေး လည်ပတ်နေတဲ့နှုန်းထားတွေနဲ့ ကျွန်တော်တို့ နိုင်ငံခြားငွေ ပိုင်ဆိုင်မှုကို တစ်ခါတည်း ဖော်ပြထားတာ တွေ့ရှိရပါတယ်။ Philippines ပါ။ Philippines မှာလည်းပဲ ကျွန်တော် အထက်ကတင်ပြခဲ့တဲ့ နိုင်ငံ(၃) နိုင်ငံနည်းတူ နိုင်ငံတွင်း လည်ပတ်နေတဲ့ သူတို့ ပီဆိုငွေ အတိုင်းအတာနဲ့ နိုင်ငံခြားငွေ ပိုင်ဆိုင်မှုအထောက်အထားကို တင်ပြထားပါတယ်။ ဟုတ်ပါပြီ။ ရပါပြီ။ အဲဒီတော့ ဒီလို မှတ်တမ်းတွေကို သိရှိခြင်းအားဖြင့် ကျွန်တော်တို့ ပြည်သူတွေအပေါ်မှာ အကျိုးရှိသလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပေါ်မှာလည်းပဲ ဒီလို အချက်မျိုးကို -----------

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့သွားပြီ။ ဆရာတို့က လိုရင်းမှ မမေးဘဲ။ သူများနိုင်ငံပြ ကိုယ်လိုချင်တဲ့ မေးခွန်းကို မေးလိုက်ပေါ့။ သူများနိုင်ငံတွေကို ပြပြီးတော့ ပြောတော့ ဒီ့ပြင် နိုင်ငံ လိုက်ရှင်းပြနေတော့ အချိန်တွေ မလောက်ဘူးပေါ့။ အချိန်က ဒီပြင်နိုင်ငံက ဖော်ပြပြီးတော့ ဒီလောက်ပဲ မေးဆိုရင် ဖြစ်တယ်။ အခုအချိန်ကို သတ်မှတ်တဲ့အချိန်ကြောင့် ကိုယ်လိုချင်တဲ့အရာ မရောက်တော့ဘူး။ အဲဒါကြောင့် ကျွန်တော် ဆိုလိုတာက ဒီလိုပါ။ ကိုးကားတာလည်း ကိုးကားပေါ့။ ဒီလို ဒီလိုဖော်ပြ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဒီလိုဖော်ပြဖို့လိုတယ်ဆိုရင် ပြီးတဲ့ကိစ္စ။ ဟိုနိုင်ငံက အကြောင်းတွေ လိုက်ဖော်ပြနေလို့ကတော့ သတ်မှတ်တဲ့အချိန်က ပြည့်ကုန်ပြီ။ စပြီးတော့ မေးခွန်းမေးမယ် ဆိုကတည်းက ကျွန်တော်တို့ အဓိက အခုလူတိုင်းလိုလိုပဲ ကိုယ့်သတ်မှတ်ချိန်အတွင်း ကွက်တိဝင်အောင် မေးကြ တာပဲ။ အဲဒီတော့ ရပ်လိုက်တော့ပေါ့။

(၁၉၆၂)ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ်၏ ငွေစာရင်းရှင်းတမ်းပြပုံ (ထ)



(၁၉၆၂)ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ်၏ ငွေစာရင်းရှင်းတမ်းပြပုံ (ထ-၁)




Thailand (The Kingdom of Thailand) ဇယားပြပုံ (ထ-၂)

**Thailand ( The Kingdom of Thailand)**

**Bank of Thailand (Statistical Data)**

| | | JUN 2017 | MAY 2017 | APR 2017 | MAR 2017 | FEB 2017 | JAN 2017 |
|---|---|---|---|---|---|---|---|
| 1 | (Millions for US Dollars) | | | | | | |
| 2 | Gold | 6,142.27 | 6,273.79 | 3,271.19 | 6,177.13 | 6,174.46 | 5,986.74 |
| 3 | SRDs | 1,357.58 | 1,357.58 | 1,337.13 | 1,323.31 | 1,320.42 | 1,324.84 |
| 4 | Reserve Position in the IMF | 718.33 | 717.45 | 710.55 | 704.57 | 703.03 | 705.59 |
| 5 | Foreign Currency reserves | 177,336.93 | 175,806.18 | 176,151.05 | 172,644.18 | 174,804.23 | 171,144.24 |
| 6 | Total | 185,555.11 | 184,148.10 | 184,469.92 | 180,869.19 | 183,002.14 | 179,161.41 |
| 7 | Net forward Position | 31,300.00 | 30,812.00 | 27,380.00 | 26,646.00 | 22,850.00 | 23,574.00 |
| 8 | (Millions of Baht) 3/ | | | | | | |
| 9 | Gold | 208,738.91 | 213,804.65 | 217,108.51 | 212,802.16 | 215,463.97 | 210,691.43 |
| 10 | SDRs | 46,136.10 | 46,029.99 | 46,291.51 | 45,588.10 | 46,077.56 | 46,264.90 |
| 11 | Reserve Position in the IMF | 24,411.63 | 24,449.83 | 24,599.34 | 24,272.29 | 24,532.89 | 24,931.97 |
| 12 | Foreign Currency reserves | 6,026,618.34 | 5,991,298.78 | 6,098,349.29 | 5,548,281.10 | 6,099,968.32 | 6,023,079.17 |
| 13 | Total | 6,305,904.95 | 6,275,583,.25 | 6,386,348.65 | 6,230,943.65 | 6,386,042.74 | 6,305,227.47 |
| 14 | Exchange Rate (End of Period) 4/ | 33.9840 | 34.0790 | 34.6200 | 34.4500 | 34.8960 | 35.1930 |

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၆။**

**ဦးစိုးသိန်း (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတကာအစိုးရများသည် မိမိနိုင်ငံ၊ မိမိအစိုးရအဖွဲ့တို့ ပိုင်ဆိုင်သမျှသော နိုင်ငံသုံးငွေ ငွေကြေးပမာဏ စုစုပေါင်းနှင့် နိုင်ငံခြား ငွေကြေးပမာဏ စုစုပေါင်း စသည်တို့ကို ပြည်သူတို့အား အသိပေးရိုး ထုံးစံရှိသည်နှင့်အညီ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတွင်း လည်ပတ်လျက်ရှိသော ကျပ်ငွေပမာဏ စုစုပေါင်းနှင့် လက်ရှိပိုင်ဆိုင်သော နိုင်ငံခြားငွေပမာဏကို ပြည်သူတို့သိစေရန် ကြေညာပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ (၃)လပတ်ငွေရေးကြေးရေး စာရင်းအင်း ထုတ်ပြန်ချက်စာစောင် (Quarterly Financial Statistics Bulletin)ကို နိုင်ငံတကာ ဗဟိုဘဏ်များနည်းတူ ထုတ်ဝေလျက်ရှိပါတယ်။ ယင်းထုတ်ပြန်ချက်စာစောင်တွင် အဆိုပါ ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြထားပါကြောင်း တင်ပြအပ်ပါတယ်။ ယင်းစာစောင်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ကုန်ဆုံးတဲ့ (၃)လပတ်မှစ၍ ထုတ်ဝေခဲ့ပါတယ်။ ဒီဇင်ဘာလ ကုန်ဆုံးသည့် (၃)လပတ်အတွက်လည်း ထုတ်ဝေပြီး ဖြစ်ပါတယ်။ ယင်းစာစောင်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ စာရင်းအင်းများ ပံ့ပိုးပေးနေသည့် သက်ဆိုင်ရာဌာနများနှင့် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီလက်အောက်ရှိ လုပ်ငန်းအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးလျက်ရှိပါတယ်။

ထို့အပြင် အများပြည်သူများ အလွယ်တကူ လေ့လာသိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website ဖြစ်တဲ့ www.cbm.gov.mm တွင် ဖော်ပြထားပါကြောင်း တင်ပြလိုပါတယ်။ ၂၀၁၇ ခုနှစ်၊ မတ်လကုန်ဆုံးတဲ့ (၃)လပတ်အတွက် စာရင်းစာစောင်များကိုလည်း ပြုစုဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ရဲ့ဗဟိုဘဏ် Website မှာ မကြာမီ အခု ဒီအပတ်တွင်းမှာကို ကျွန်တော်တို့ ဖော်ပြသွားမှာ ဖြစ်ပါတယ်။ ယင်းစာစောင်ပါ ကိန်းဂဏန်း အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဦးဆောင်ပြီး ဗဟိုစာရင်းအင်းအဖွဲ့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်တဲ့ Macro စီးပွားရေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ငွေရေးကြေးရေး စာရင်း

အင်းလုပ်ငန်းအဖွဲ့ (Macroeconomic Monitoring and Financial Statistics Cluster)ကို ဖွဲ့စည်းပြီး စာရင်းအင်းအချက်အလက်များကို စုဆောင်းပြုစုဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

အဆိုပါ စာစောင်တွင် မြန်မာနိုင်ငံအတွင်း လည်ပတ်လျက်ရှိသော ကျပ်ငွေပမာဏ စုစုပေါင်း၊ တစ်နည်းအားဖြင့် ငွေကြေးပမာဏ စုစုပေါင်းနဲ့ လက်ရှိပိုင်ဆိုင်သော နိုင်ငံခြားငွေ ပမာဏကို ထည့်သွင်းဖော်ပြထားပါတယ်။ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဗဟိုစာရင်းအင်း အဖွဲ့၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ရန်ကုန်စတော့အိတ်ချိန်းတို့မှ အဓိကစီးပွားရေးနှင့် ပတ်သက်တဲ့ စာရင်းအင်းဆိုင်ရာညွှန်းကိန်းများ (Major Economic Indicators)များကို ပြည်တွင်း ငွေကြေးနှင့် နိုင်ငံခြားငွေပေးငွေယူစာရင်းဆိုင်ရာ ကိန်းဂဏန်းများ (Monetary and Balance of Payments Statistics)၊ ငွေရေးကြေးရေး ဈေးကွက်ဆိုင်ရာစာရင်းများ (Financial Market Statistics)နဲ့ အတိုးနှုန်း (Interest Rates) များနှင့်အတူ စားသုံးသူဈေးဆနှုန်းကိန်း (Consumer Price Index-CPI) စသည့် ကိန်းဂဏန်းများကို (၃)လပတ်အတွက် ဖော်ပြထားပါတယ်။

အထက်ပါ ကိန်းဂဏန်းများအပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ကဏ္ဍအလိုက်ချေးငွေစာရင်း (Sectoral Loans) ပုဂ္ဂလိကဘဏ်များမှ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ထုတ်ချေးငွေစာရင်း (State /Regional Loans of Private Banks) နဲ့ ဘဏ်များ၏ အပေါင်အာမခံဖြင့် ထုတ်ချေးငွေစာရင်း (Banks Loans by Collateral Type) ဆိုင်ရာ ကိန်းဂဏန်းများ၊ မြန်မာ့အာမခံလုပ်ငန်းနှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့မှ ပံ့ပိုး ပေးတဲ့ အာမခံဆိုင်ရာ စာရင်းအင်းကိန်းဂဏန်းများနှင့် အသေးစားချေးငွေ စာရင်းအင်းများပါ ဖော်ပြ ထားပါကြောင်း တင်ပြလိုပါတယ်။ ထို့အပြင် ဗဟိုစာရင်းအင်းအဖွဲ့ (CSO- Central Statistics Organization) မှ လစဉ် ထုတ်ပြန်လျက်ရှိတဲ့ Selected Monthly Economic Indicators တစ်လအတွက် ရွေးချယ်ပြီး ဖော်ပြတဲ့ စီးပွားရေးညွှန်ကိန်းများမှာလည်း ထည့်သွင်းဖော်ပြရန်အတွက် စုစုပေါင်း ငွေကြေးပမာဏ အပါအဝင် ပြည်တွင်းငွေရေးကြေးရေးဆိုင်ရာ ကိန်းဂဏန်းများ (Myanmar Statistical Yearbook) တစ်နှစ်တစ်ခါ ထုတ်ဝေတဲ့စာအုပ်မှာ ထည့်သွင်းဖော်ပြနိုင်ဖို့ အတွက် စုစုပေါင်း ငွေကြေးပမာဏ အပါအဝင် ပြည်တွင်းငွေရေးကြေးရေးဆိုင်ရာ ကိန်းဂဏန်းများနှင့် နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း၊ နိုင်ငံခြားငွေပမာဏဆိုင်ရာ ကိန်းဂဏန်းများကို ပံ့ပိုးလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

သို့ပါ၍ နိဂုံးချုပ်အနေနှင့် စာရင်းအင်းကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ လေ့လာဆန်းစစ်မှုများကို ပြုလုပ်နိုင်ပြီ ဖြစ်ပါတယ်။ စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းဖော်ပြနိုင်ရေး၊ အချိန်နဲ့တစ်ပြေးညီ ဖော်ပြနိုင်ရေး ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ (၃)လပတ် ငွေရေးကြေးရေးစာရင်းအင်း ထုတ်ပြန်ချက် စာစောင်များကို အချိန်ကွာခြားချက် (Time Blank) (၆)လထက် မပိုစေဘဲ ထုတ်ပြန်သွားနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်းကို အသိပေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ကျွန်တော် မေးတဲ့ မေးခွန်းရဲ့ ရည်ရွယ်ချက်က ကျယ်ကျယ်ပြန့်ပြန့် ပြည်သူလူထုတွေသိဖို့အတွက် သတင်းစာမှာ ထည့်ပြီးမှ တင်ပြဖို့ အစီအစဉ် ရှိပါသလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ထပ်ဆင့်မေးခွန်း မေးခြင်း ဖြစ်ပါတယ် ခင်ဗျား။

**ဦးစိုးသိန်း (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)။** ။ ကျွန်တော်တို့ အခု လောလောဆယ် ဒီ စီစဉ်ဆောင်ရွက်နေတာကတော့ ဒီစာစောင်တွေကို ထုတ်ပြန်ပြီးတော့ Website ကို တင်လိုက်တယ်ဆိုရင် ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်တဲ့အနေအထားရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီး ပြောကြားတဲ့ သတင်းစာများမှာ ထုတ်ပြန်ပေးဖို့ဆိုတဲ့ ဥစ္စာကိုလည်း ကျွန်တော်တို့ စဉ်းစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) (ဥက္ကဋ္ဌ၊ တောင်သူလယ်သမားရေးရာကော်မတီ)က ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်း က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ) အရ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဖြစ်ပြီးတော့ တောင်သူလယ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဘမျိုးသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ ၃၀-၁၀-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ်မြောက် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့မှာ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကို လက်ခံဆွေးနွေးဖို့ အဆို တင်သွင်းမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိကျင့်သုံးနေတဲ့ ၁၈၉၄ ခုနှစ်၊ မြေသိမ်း အက်ဥပဒေ (The Land Acquisition Act 1894) သည် ဗြိတိသျှအုပ်ချုပ်ရေးယန္တရားကို အထောက်အကူပြုသည့် အဖွဲ့အစည်းနှင့် ကုမ္ပဏီများ၊ နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းကြီးများ

အနေဖြင့် မြေကိုလိုအပ်သည့်အခါ သိမ်းဆည်းပေးရန် ရည်ရွယ်သည့် သဘောပါဝင်တဲ့ ဥပဒေအဖြစ် သိရှိရပါတယ်။ ယနေ့ကာလသည် နိုင်ငံသား ပြည်သူတို့ ပိုင်ဆိုင်တဲ့ မြေသယံဇာတများကို တစ်ဌာန၊ တစ်ဖွဲ့၊ တစ်ဦးတည်းရဲ့ မမြင်နိုင်တဲ့ အကျိုးအတွက် အလွယ်တကူ လက်လွှတ်ဆုံးရှုံးစေမှုများ မဖြစ်စေသင့်ပါသဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားအတွက် အထောက်အကူပြုမည့် လုပ်ငန်းများအတွက် မျှတသောအစီအမံများပါဝင်တဲ့ ယခု အဆိုပြုတင်သွင်းသော မြေသိမ်းဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် လိုအပ်လာပါသဖြင့် ဤဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဤဥပဒေပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်များနဲ့ ကျိုးကြောင်းဖော်ပြချက်များကိုလည်း ပူးတွဲတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘမျိုးသိန်း တင်သွင်းလာတဲ့ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးပေးပါရန် တင်သွင်းသွားတဲ့ အဆိုကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုးဝင်း က လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူသူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူသူ မရှိတဲ့အတွက် ဦးဘမျိုးသိန်း တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၀း၅၆ နာရီအချိန်တွင် ရပ်နားပါသည်။]